CALHOUN COUNTY, MICHIGAN
EMERGENCY OPERATIONS CENTER
*COVID-19 Unified Response*

**ချက်ခြင်း ထုတ်ပြန်ချက်**

မတ်လ ၃၀၊ ၂၀၂၀

# Calhoun County နှင့် City of Battle Creek
# အရေးပေါ်စစ်ဆင်ရေး စင်တာကို ဖွင့်လှစ်

Calhoun ကောင်တီအစိုးရနှင့် Battle Creek မြို့သည် ကျွန်ုပ် community ရှိ COVID-19 တုံ့ပြန်မှုကို ညှိနှိုင်းရန် အရေးပေါ်စစ်ဆင်ရေးစင်တာ (EOC) ကို တည်ထောင်ခဲ့ပါသည်။ EOC သည် စုစည်းထားသော အာဏာခံ ဖွဲ့စည်းပုံဖြစ်ပါသည်။ Battle Creek ၏ ရဲစခန်းတွင် တည်ရှိပြီး COVID-19 ကူးစက်ရောဂါဖြစ်စဉ်ကာလအတွင်း သတင်းအချက်အလက်များရရှိရန် ဒေသခံများ၊ စီးပွားရေး လုပ်ငန်းများ၊ အများပြည်သူဝန်ဆောင်မှုများနှင့် မီဒီယာများအတွက် အဓိက အရင်းအမြစ်ဖြစ်ပါသည်။

EOC တွင် ပါဝင်သည့် အဖွဲ့အစည်းများမှာ-

- ဝန်ဆောင်မှု အဖွဲ့အစည်းများနှင့် area non-profits
- Calhoun ကောင်တီအုပ်ချုပ်ရေး
- ကောင်တီ ပြည်သူ့ကျန်းမာရေးဦးစီးဌာန
- Calhoun ကောင်တီ ရဲအရာရှိရုံး
- Battle Creek မြို့အုပ်ချုပ်ရေး
- Battle Creek မီးသတ် ဌာန
- Battle Creek မြို့ရဲ

ကျေးဇူးပြု၍ မှတ်သားပါ။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ဤဖြစ်ပျက်နေသည့် အခြေအနေ၏ အလေးအနက်လျော့ချရန် လိုအပ်သည့် အချိန်တွင် COVID-19 positive ရှိသည့်အမှုကိုသာ သတင်းထုတ်ပြန်ချက်ပို့မည်ဖြစ်သည်။ နောက်ဆုံးထုတ် နံပါတ်များကို Calhoun ကောင်တီ COVID-19 Alert Page: https://www.calhouncountymi.gov/alert_detail.php သို့ လေ့လာပါ။

## လိုအပ်သော အစိုးရ လုပ်ရှားမှုများ ရရှိနိုင်ပါသည်

COVID-19 ကူးစက်ရောဂါကို တုံ့ပြန်ရာတွင် Calhoun ကောင်တီအစိုးရနှင့် Battle Creek မြို့တော်တို့သည် Governor Whitmer ၏ (အိမ်၌ လုံလုံ ခြုံခြုံနေပါ) "Stay Home, Stay Safe" အမှုဆောင်အမိန့်ကို လိုက်နာရန် ခြေလှမ်းများ လှမ်းနေပါသည်။

Battle Creek မြို့တွင် အောက်ပါ နောက်ဆုံးသတင်းများရှိပ့သည်။

- မြို့တော် အဆောက်အအုံများအားလုံးကို ဧပြီလ ၁၄ ရက်၊ အင်္ဂါနေ့အထိ ပိတ်ထားမည်ဖြစ်ပါသည်။ Binder Park ဂေါက်ကွင်း နှင့် Battle Creek ရဲဌာန လော်ဘီ များလည်း ပါဝင်ပါသည်။ အပန်းဖြေဌာန (Recreation Department) ၏ spring break camp ကို ဖျက်သိမ်းထားပါသည်။
- မြို့တော် ရဲနှင့်မီးသတ်ဌာနများသည် ပုံမှန် လုန်ဆောင်မှုရှိမည်ဖြစ်ပြီး ရေးပေါ်အခြေအနေများကို တုံ့ပြန်မည်ဖြစ်ပါသည်။
- မြို့တော်၏ ရေနှင့် Waste Water အဖွဲ့များသည် သောက်သုံးရေနှင့် စွန့်ပစ်ရေသန့်စင်ရေး ဝန်ဆောင်မှုများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ ရေလိုအပ်မှုများ၊ သို့မဟုတ် စိုးရိမ်မှုများ ရှိပါက ဝန်ထိမ်းများကို ၂၆၉-၉၆၆-၃၃၄၃ သို့ ဆက်သွယ်ပါ။
- West River Road ရှိ Brice Pit မြို့၏ သစ်ရွက်ဆွေးမြေသြဇာနေရာသည် ဤအချိန်တွင် ပိတ်ထားပါသည်။ သို့သော်လည်း မြို့အကန့်အသတ်အတွင်းရှိ ခြံဝင်းမှ ထွက်သော စွန့်ပစ်ပစ္စည်းများကို မတ်လ ၃၀ ရက်တွင် စတင် သယ်ယူမည်ဖြစ်သည်ဒ
- မြို့တော်အတွင်းရှိ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုသည် အမှိုက်သရိုက်များနှင့် recycling များကို ပုံမှန် သယ်ယူသွားမည်ဖြစ်သည်။ Customer service ဖုန်းနံပါတ်ကို ၂၆၉-၉၆၉-၇၅၃၀ သို့ ယာယီ ပြောင်းထားပါသည်။
- Battle Creek Transit နှင့် Tele-Transit ဝန်ဆောင်မှုများသည် ပုံမှန်ဘတ်စ်ကားလမ်းကြောင်းများအတိုင်း ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ အမှုဆောင်အမိန့်ကာလအတွင်း BCgo ဝန်ဆောင်မှုများကို ဝန်ထမ်းများဖျက်သိမ်းထားပါသည်။
- ကျေးဇူးပြု၍ သတိပြုရန်။ လူတစ်ဦးနှင့် တစ်ဦး ဆက်သွယ်မှုကို ကန့်သတ်ရန် Transit ဝန်ဆောင်မှုများကို အခမဲ့လုပ်ဆောင်ထားပါသည်။ ကျေးဇူးပြု၍ ဘတ်စ်ကား အနောက်ဘက်တွင် ထိုင်ပါ။ လူ တစ်ဦးနှင့် တစ်ဦးကြား လုံခြုံသည့် အကွာအဝေးရှိရန် ယာဉ်မောင်းသူ၏ နောက်ကွယ်မှ

ထိုင်ခုံများကို ပိတ်ဆို့ထားမည်ဖြစ်ပါသည်။ ဘတ်စ်ကားပေါ်တက်ရန် Ramp ကိုအသုံးပြုလိုသော စီးနင်းသူများသည် အရှေ့တခါးဝကို အသုံးပြုခြင်းဖြင့် တက်နိုင်ပါသည်။

- မြို့တော်သည် မီးဖိုးရေးဖိုး၊ ဝင်ငွေအခွန်နှင့် အခြားငွေပေးချေမှုများကို ဆက်လက် ပြုလုပ်သွားပါမည်။ အွန်လိုင်းဖြင့်၊ သို့မဟုတ် 10N. Division St. ရှိ မြို့တော်ခန်းမ၏ ကားပါကင်ထိုးရာနေရာရှိ drop box ကိုအသုံးပြုခြင်းဖြင့် ငွေပေးချေနိုင်ပါသည်။ Drop box နေရာတွင် စာအိပ်များ ထားရှိပေးပြီး ဝန်ထမ်းများက နေ့စဉ် စစ်ဆေးပါသည်။ မီးဖိုးရေဖိုး ကို ဖုန်းဖြင့် ပေးလိုပါက ၂၆၉-၉၆၆-၃၃၆၆ သို့ခေါ်ဆိုပါ။
- အွန်လိုင်းငွေပေးချေမှုများအတွက် အခကြေးငွေများကို မတ်လ ၂၅ ရက်မှ ဧပြီလ ၃၀ အထိ လျှော့ပေးမည်ဖြစ်ပါသည်။
- မြို့တော် အဆောက်အအုံများပိတ်ထားချိန်တွင် စစ်ဆေးရေးအဖွဲ့သည် ပြုပြင်မွမ်းမံသည့် နည်းလမ်းဖြင့် လည်ပတ်သွားမည်ဖြစ်သည်။ ခွင့်ပြုချက်လျှောက်လွှာများ၊ စီမံကိန်းများနှင့် ငွေပေးချေမှုများကို အွန်လိုင်းနှင့် အီးမေးလ်ဖြင့် တင်သွင်းနိုင်ပါသည်။ စစ်ဆေးမှုအားလုံးကို virtual ဖြင့် လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ရေးပေါ် ဖြစ်မှသာ လူကိုယ်တိုင် စစ်ဆေးမည်ဖြစ်သည်။ စစ်ဆေးရန် တောင်ဆိုလိုပါက [www.bsaonline.com](http://www.bsaonline.com) ၊ (နာမည်၊ နံပါတ်၊ အိမ်ခြံမြေလိပ်စာ၊ စစ်ဆေးရန် တောင်းဆိုသည့်နေ့) ကို ၂၆၉-၉၆၆-၃၃၈၂ သို့ သတင်းပို့ထားခြင်း၊ သို့မဟုတ် (နာမည်၊ နံပါတ်၊ အိမ်ခြံမြေလိပ်စာ၊ စစ်ဆေးရန် တောင်းဆိုသည့်နေ့) ကို [inspection@battlecreekmi.gov](mailto:inspection@battlecreekmi.gov) သို့ တောင်းဆိုနိုင်ပါသည်။
- ကျေးဇူးပြု၍ လျှောက်လွှာကို ၄၈ နာရီ စီမံရန်နှင့် ၁၄ ရက်အထိ စီမံကိန်း သုံးသပ်ရန် ခွင့်ပြုပါ၊ သို့မဟုတ် အရေးပေါ်လိုအပ်သည့် အရာများအတွက် ၂၆၉-၉၆၆-၃၃၈၂ သို့ ဖုန်းခေါ်ပါ။ ဝန်ထမ်းများသည် စာပို့ ပါမစ်များနှင့် ငွေပေးချေမှုကို လက်ခံရရှိပြီး နောက်တစ်ပတ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။
- မေးခွန်းများကို Chief Building Official Richard Bolek သို့ ၂၆၉-၉၆၆-၃၃၁၉ သို့မဟုတ် [rebolek@battlecreekmi.gov](mailto:rebolek@battlecreekmi.gov) သို့ ဆက်သွယ်ပါ။
- အုပ်ချုပ်ရေးမှူး၏ အမှုဆောင်၂၀၂၀-၂၆ အမန့်တော်အရ မြို့တော် ဝင်ငွေအခွန် (city income tax) သည် ဧပြီလ ၃၁ ရက်တွင် ရက်စေ့မည်ဖြစ်သည်။
- သတင်းအချက်အလက်များကို လွတ်လပ်စွာ သိရှိခွင့်ဥပဒေ (Freedom of Information Act) ကို အုပ်ချုပ်ရေးမှူး၏ အမိန့်ရုပ်သိမ်းသည့်အချိန်ထိ ရပ်ဆိုင်းထားပါသည်။ လူ့အသက်ကို ထိန်းသိမ်းခြင်း၊ သို့မဟုတ် ကာကွယ်ခြင်း၊ သို့မဟုတ် လုပ်ဆောင်သောသူများကို လည်း

အထောက်အပံ့မပြုသောကြောင့် ရပ်ဆိုင်းထားပါသည်။ တောင်းဆိုမှုများကို တုံ့ပြန်ရန် အလုပ်ဆင်းချိန် ဧပြီလ ၁၄ ရက်တွင် ပြန်လည်စတင်မည်ဖြစ်သည်။

ပြည်သူများအတွက် အဆောက်အအုံများကိုပိတ်ရန်ဆုံးဖြတ်ချက်ချပြီး နောက် Calhoun ကောင်တီသည် ပြီးခဲ့သည့်အပတ်တွင် ကန့်သတ်ရှိသည့် လုပ်ငန်းများအဖြစ် ပြောင်းရွှေ့ခဲ့သည်။ အဆောက်အအုံများပိတ်ခြင်းနှင့် သက်ဆိုင်သည့် ဌာနများနှင့် လုပ်ငန်းများအားလုံး၏စာရင်းကို ကြည့်ရှုရန် Calhoun ကောင်တီ၏ ထုတ်ပြန်ကြေငြာချက်ကို လေ့လာပါ။ အုပ်ချုပ်ရေးမှူး Gretchen Whitmer ၏ "Stay Home, Stay Safe" အလုပ်အမှုဆောင်အမိန့်ကို ယနေ့ထုတ်ပြန်ပြီးနောက် ကောင်တီ၏ ဝန်ဆောင်မှုများကို အောက်ပါပြောင်းလဲမှုများပြုလုပ်မည်ဖြစ်သည်။

- အများ ကောင်တီရုံးများနှင့် အဆောက်အအုံများ၏ လူချင်းဆက်ဆံမှု ရပ်ဆိုင်းခြင်းကို ဧပြီလ ၁၃ ရက်အထိ ရက်တိုးထားပါသည်။
- ပြည်သူကျန်းမာရေးဌာန၏ ဝန်ဆောင်မှုများအားလုံးကို ယာယီ ပြုပြင်ထားပါသည်။ ဒေသခံများသည် CCPHD ၏ သင့်လျော်သင့် ဖုန်းလိုင်း ၂၆၉-၉၆၉-၆၉၉၀ သို့ ခေါ်ဆိုနိုင်ပါသည်။
    - ဆေးခန်း။ ။ ဝန်ဆောင်မှုအားလုံးကို ယာယီ ရပ်ဆိုင်းထားပါသည်။ လိင်မှတစ်ဆင့် ကူးစက်ရောဂါရရှိသူ၊ STI ရောဂါရရှိသူနှင့် အဆက်အသွယ်ရှိသူများသည် အထက်ပါဖော်ပြထားသော အဓိက လိုင်းကို ခေါ်ဆိုပါ။
    - WIC ။ ။ ဖုန်းမှတစ်ဆင့် ပြန်လည်အသိအမှတ်ပြုခြင်းနှင့် client ဝန်ဆောင်မှု အသစ်များ ပေးခြင်း။
    - သဘာဝပတ်ဝန်းကျင်ကျန်းမာရေး။ ။ ရေးပေါ် အခြေအနေများသာ။ (ဥပမာ၊ ရေမရှိခြင်း၊ မြေအောင် မိလ္လာ အညစ်အကြေးများ မြေပေါ်တွင် ထွက်လာခြင်း၊ စားသောက်ဆိုင် မီးလောင်ခြင်း)
    - ကလေး ကျန်းမာရေးအထူးကု ဝန်ဆောင်မှု။ ။ ဖုန်းအားဖြင့်သာ။
    - သူနာပြု-မိသားစု စပ်တူလုပ်ငန်း။ ။ ဖုန်းအားဖြင့်သာ။
- ရဲအရာရှိရုံးသည် ဥပဒေ စိုးမိုးရေး၊ ဝန်ဆောင်မှုများနှင့် ထောင်ဒဏ်စီမံမှုများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။
- တရားရုံး၏ လုပ်ငန်းလည်ပတ်မှုများကို များစွာ လျှော့ချပြီး တရားရုံးချုပ်၏ မတ်လ ၁၈ ရက် အုပ်ချုပ်ရေးအမိန့်တွင် ဖော်ပြထားသည့်အတိုင်း ဆက်လက် တည်ရှိနေမည်ဖြစ်သည်။ အစိုးရရှေ့နေ (Prosecuting Attorney) နှင့် ပြည်သူ့ကာကွယ်သူ (Public Defender) များသည် အများအားဖြင့်

အဝေးဖြင့် ဝန်ဆောင်မှုများမှတစ်ဆင့် တရားရုံးလုပ်ငန်းများကို အထောက်အကူပြုရန်နှင့် အများပြည်သူ လုံခြုံရေးကို ထိန်းသိမ်းရန် လိုအပ်သော စစ်ဆင်ရေးများကို ထိန်းသိမ်းသွားမည်ဖြစ်သည်။

- အရေးပါသော အခြေခံအဆောက်အအုံများကို ကာကွယ်ရန် လမ်းဦးစီးဌာနသည် အများပြည်သူဆိုင်ရာလုပ်ငန်းများလျှော့ချသည့်အနေဖြင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။
- အုပ်ချုပ်ရေးမှူး၏ အမှုဆောင်အမိန့်အရ Clerk/Register of Deeds, Treasurer, Water Resources Commissioner, Senior Services, Veterans Affairs နှင့် Community Development များသည် ဖုန်းနှင့် အီးမေးလ် တောင်းဆိုမှုများကို တုံ့ပြန်မှုပြုလုပ်မည်ဖြစ်သည်။
- ကောင်တီ၏အုပ်ချုပ်ရေးသည် COVID-19 တုန့်ပြန်မှုကို ကြိုးပမ်းရာတွင် ပါဝင်သော ခရိုင်ဝန်ထမ်းများအား ကူညီခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ကျွန်ုပ်တို ပိုင်ဆိုင်မှုများကာကွယ်နိုင်ရန် အရေးပါသော စီးပွားရေးလုပ်ငန်းများကို ဆောင်ရက်သွားမည်ဖြစ်သည်။
- ကော်မီရှင်နာ ဘုတ်အဖွဲ့သည် ပြည်နယ်မှ ပြဌာန်းထားသော နှစ်စဉ်ကြင်းပသည့် တွေ့စုံဆွေးနွေးပွဲ လာမည့် ဧပြီလ ၁၄ ရက်တွင် တွေ့စုံရန် စီစဉ်ထားပြီး အဝေးမှ ပါဝင်ပြုလုပ်ရန် စီစဉ်ထားပါသည်။

Calhoun ကောင်တီ၏နောက်ဆုံးသတင်းအချက်အလက်များ၊ ကောင်တီစစ်ဆင်ရေး နှင့် Calhoun ကောင်တီရှိ COVID-19 ၊ ကောင်တီ ဝက်ဘ်ဆိုက် calhouncountymi.gov သို့ လေ့လာပါ။

City of Battle Creek ၏ နောက်ဆုံးသတင်းများက battlecreekmi.gov/coronavirus သို့လေ့လာပါ။ ပြည်နယ်၏ COVID-19 လိုင်းသည် ဗိုင်းရပ်စ် နှင့်ပတ်သက်ပြီး မေးခွန်းများ၊ သို့မဟုတ် စိုးရိမ်မှုရှိသူများ အတွက်ရှိပါသည်။ ဤလိုင်းသည် မနက် ၈ နာရီမှ ညနေ ၅ နာရီ၊ တစ်ပတ်လျှင် ၇ ရက် ဖွင့်ပါသည်။ ၁-၈၈၈-၅၃၅-၆၁၃၆ သို့ခေါ်ပါ။ ပြည်နယ်၏ COVID-19 သတင်းအချက်အလက်များအတွက် michigan.gov/coronavirus သို့လေ့လာပါ။

---